**(၆၉) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင်မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်မှ ပြောကြားသည့် အထွေထွေမူဝါဒရေးရာမိန့်ခွန်း**

**(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)**

**နယူးယောက်မြို့**

**သဘာပတိကြီးခင်ဗျား၊**

၁။ ပထမဦးစွာ (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ သဘာပတိအဖြစ် အဆွေတော်အနေနဲ့ ထိုက်တန်စွာ ရွေးချယ်တင်မြောက်ခံရတဲ့အတွက် ဝမ်းမြောက်ကြောင်း နွေးထွေးစွာ ဂုဏ်ပြုပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ ပညာဥာဏ်ကြွယ်ဝမှုနဲ့ သံတမန်စွမ်းရည် မြင့်မားမှုတို့ဟာ မိမိတို့ရဲ့ ဆွေးနွေးမှုများကို အကျိုးရှိတဲ့ ရလဒ်များ ပေါ်ထွက်လာစေမယ်လို့ ယုံကြည်ပါတယ်။

၂။ (၆၈) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသဘာပတိအဖြစ် အဆွေတော် မတိုင်မီ တာဝန်ထမ်းဆောင်သွားတဲ့ မစ္စတာ ဂျွန်ဒဗလျူ အက်ရှ် အားလည်း ထူးခြားတဲ့ ဦးဆောင်မှုများ ပေးနိုင်ခဲ့တဲ့အတွက် အလားတူ ဂုဏ်ပြုချီးကျူးကြောင်းပြောကြားလိုပါတယ်။

၃။ မိမိတို့ယခုလို စုစည်း ရောက်ရှိနေတဲ့အခါသမယဟာ ကမ္ဘာကြီးအနေနဲ့ ကမ္ဘာလုံးဆိုင်ရာ အရေးကြီးတဲ့ စိန်ခေါ်မှုများနဲ့လုံခြုံရေးခြိမ်းခြောက်မှုများကြုံတွေ့နေရချိန်ဖြစ်ပြီး စုပေါင်း လက်တွဲပြီး ဆောလျင်စွာ ဖြေရှင်းရန် လိုအပ်နေတဲ့ အချိန်ဖြစ်ပါတယ်။ မိမိတို့ ကမ္ဘာမြေကြီးဟာ မြင်လွယ်ပြီး သိသာထင်ရှားတဲ့ ရာသီဥတု ပြောင်းလဲမှုရဲ့ အန္တရာယ်များကြောင့် ပူနွေးလာလျက်ရှိပါတယ်။ ကြောက်မက်ဖွယ်ကောင်းတဲ့ အကြမ်းဖက်မှုများလည်း ပြန်လည်ပေါ်ပေါက်လာလျက်ရှိပါတယ်။ ကမ္ဘာ့ရွာကြီးဟာ အီဘိုလာ ကူးစက်ရောဂါ ပျံ့နှံ့မှုအပေါ် ကြောက်ရွံ့မှုများဖြင့် ဖမ်းစားခံရလျက်ရှိနေပါတယ်။ အင်အားကြီးနိုင်ငံများအကြား စစ်အေး ကာလရဲ့ ပြိုင်ဆိုင်မှုများနဲ့ အလားသဏ္ဍာန်တူတဲ့ တင်းမာမှုများနဲ့ ယုံကြည်မှုကင်းမဲ့ခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ကမ္ဘာ့အစိတ်အပိုင်းအချို့ရဲ့ ဒေသကြီးအတွင်း သို့မဟုတ် ဒေသတွင်းမှာ ပေါ်ပေါက်နေတဲ့ ပဋိပက္ခများရဲ့ အရေအတွက်နဲ့ ပမာဏဟာလည်း ကြီးထွားလာနေပါတယ်။ လူသန်းပေါင်း တစ်ထောင်ခန့်ဟာလည်း ဆင်းရဲနွမ်းပါးနေဆဲဖြစ်ပါတယ်။ မိမိတို့ လိုလားတဲ့ ကမ္ဘာကြီးဟာ အလှမ်းဝေးကွာလှတဲ့ အိပ်မက်တစ်ခုသာ ဖြစ်နေပါသေးတယ်။

၄။ ရာသီဥတုပြောင်းလဲမှုဟာ သိပ္ပံပညာရပ်ဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စတစ်ရပ် မဟုတ်တော့ပါ။ အသက်ရှင်ရပ်တည်မှုဆိုင်ရာ ကိစ္စရပ်ဖြစ်တဲ့အတွက် အရေးတကြီး လုပ်ဆောင်သွားရန် လိုအပ်ပါတယ်။ ရာသီဥတု ပြောင်းလဲမှုရဲ့ သက်ရောက်မှုများဟာ မိမိတို့ စီးပွားရေးအတွက် စိုက်ပျိုးရေးကို အခြေခံတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားနဲ့ ကျွန်းငယ်နိုင်ငံများကို ထိခိုက်စေမှာဖြစ်ပါတယ်။ ရာသီဥတုကာကွယ်ခြင်းနဲ့ ထုတ်လွှင့်ပစ္စည်း လျော့ချရေး ရည်မှန်းချက်များအတွက် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ် အသစ်တစ်ရပ် ရရှိလာရန် လိုအပ်ပါတယ်။ ဒီအတွက် ဆောလျင်စွာလုပ်ဆောင်နိုင်မယ့် စုစည်း လုပ်ဆောင်ချက်တစ်ရပ် ပေါ်ထွက်လာဖို့ သတင်းစကားတစ်ရပ်ကို ရှင်းလင်းပြတ်သားစွာ ပေးနိုင်မယ့် ၂၀၁၄ ခုနှစ်၊ ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို စီစဉ်ပေးခဲ့ခြင်းအတွက် အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းအား မိမိကိုယ်စားလှယ်အဖွဲ့က ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အဓိပ္ပါယ် ပြည့်ဝကာ လက်တွေ့လည်း အကောင်အထည်ဖော်နိုင်မယ့် ရာသီဥတုဆိုင်ရာ တစ်ကမ္ဘာလုံးပါဝင်တဲ့ သဘောတူညီချက် တစ်ရပ်ကို ပါရီမြို့မှာ ၂၀၁၅ ခုနှစ်၌ ပေါ်ထွက်လာဖို့ နိုင်ငံတကာအသိုက်အဝန်းနဲ့ အတူတကွဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား၊

၅။ ၂၀၁၅ အလွန် ဖွံ့ဖြိုးရေးအစီအစဉ်အား အသွင်ကူးပြောင်းရေးဆိုင်ရာ အဆွေတော်ရဲ့ အမြင်ကို ထောက်ခံသောအားဖြင့် စီးပွားရေး၊ လူမှုရေးနဲ့ ပတ်ဝန်းကျင် ရှုထောင့်များက ထည့်သွင်းစဉ်းစားတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်သို့ ကမ္ဘာကြီးအား ပို့ဆောင်နိုင်ရေးအတွက် မိမိတို့ရဲ့ ကြိုးပမ်းအားထုတ်မှုများကို ပိုမိုတိုးမြှင့်သွားရမှာဖြစ်ပါတယ်။ အလွန်အမင်းဆင်းရဲမှု ပပျောက်ရေးနဲ့ အားလုံးပါဝင်တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပေါ်ထွန်းရေးဟာ ၂၀၁၅ အလွန် ဖွံ့ဖြိုးရေးအစီအစဉ်ရဲ့ အဓိကကျပြီး ဆက်စပ်လွှမ်းခြုံနေတဲ့ ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနဲ့ အစီအစဉ်များအောင်မြင်ရေးကို အာမခံနိုင်ရေးအတွက် ဘဏ္ဍာရေးနဲ့ နည်းပညာ အကူအညီများ စုစည်းခြင်းအပါအဝင် ထိရောက်တဲ့ အကောင်အထည်ဖော်မှု နည်းလမ်းများတွေ့ရှိဖို့ အတူပူးပေါင်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

၆။ အနောက်အာဖရိကတွင် အီဘိုလာဖြစ်ပွားမှုနဲ့ ၎င်းရဲ့ ထူးခြားတဲ့ သဘောသဘာဝ၊ နယ်ပယ်အတိုင်းအတာတို့ဟာ ထိတ်လန့်ဖွယ် ဖြစ်ပါတယ်။ အဆိုပါ ဖြစ်ပွားမှုဟာ လူတစ်စု (သို့မဟုတ်) နေရာတစ်ခုတည်းနဲ့ သာသီးသန့် သက်ဆိုင်တယ်လို့ မရှုမြင်သင့်ပါ။ လူသား တစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့ ဘုံစိန်ခေါ်မှု ဖြစ်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ လူသားချင်း စာနာ ထောက်ထားမှု၊ နိုင်ငံရေးနဲ့ လုံခြုံရေးဆိုင်ရာ အိပ်မက်ဆိုးများဖြစ်မလာမီ ရနိုင်တဲ့ အရင်းအနှီးနဲ့ ကျွမ်းကျင်မှု အားလုံးကို စုစည်းပြီး အသုံးချသွားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အတွင်းရေးမှူးချုပ်ရဲ့ အီဘိုလာ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ကို ကြိုကြိုတင်တင်ထူထောင်ပ ြီး မြန်ဆန်စွာ အချိန်ကိုက် တုံ့ပြန်မှုကို ကြိုဆိုပါတယ်။

၇။ မည်သည့်အကြောင်းပြချက် သို့မဟုတ် မည်သည့် အခြေအနေမျိုးတွင်မဆို အကြမ်းဖက်မှု ကျူးလွန်ခြင်းကို လျစ်လျူရှုမထားနိုင်ပါ။ ဘာသာရေးကို ခုတုံးပြုလျက် ရက်စက်စွာ သတ်ဖြတ်ခြင်း၊ သေကြေစေခြင်းများကို သည်းခံခွင့်လွှတ်ရမည် မဟုတ်ပါ။ အကြမ်းဖက်မှုကို မည့်သည်ပုံစံနဲ့ သရုပ်သဏ္ဌာန်မျိုးနဲ့မဆို ကျူးလွန်ခြင်းအား မြန်မာနိုင်ငံအနေနဲ့ အစဉ်အမြဲ ဆန့်ကျင်လျက်ရှိပါတယ်။ အကြမ်းဖက်မှုကြောင့် ထိခိုက်ခံရတဲ့ သားကောင်များရဲ့ ကံကြမ္မာကိုလည်း သတိမမူဘဲ နေလိမ့်မည်မဟုတ်ပါ။ ဒီလိုဆိုးရွားလှတဲ့ ရာဇဝတ်မှုများ ကင်းစင်သွားဖို့ နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ ညီညွတ်စွာ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့စပ်လျဉ်းပြီး အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက နယူးယောက်မြို့မှာ မကြာခင်ရက်များက ထုတ်ပြန်ချက်ကို မိမိတို့ကိုယ်စားလှယ် အဖွဲ့အနေနဲ့ အပြည့်အဝ ထောက်ခံပါတယ်။

၈။ ကုလသမဂ္ဂအဖွဲ့ကြီးအား စတင်ထူထောင်ခဲ့သူများဟာ ဒီအဖွဲ့ကြီးအနေနဲ့ ကမ္ဘာပေါ်ရှိနိုင်ငံနဲ့ ယဉ်ကျေးမှုအမျိုးမျိုးမှ လူအများ တစ်ဦးအပေါ်တစ်ဦး ကြောက်ရွံ့မှုနဲ့ သံသယတို့နဲ့ မကြည့်ဘဲ၊ မိတ်ဖက်ဖြစ်နိုင်သူများအဖြစ် ရှုမြင်ပြီး အပြန်အလှန်အကျိုးစီးပွားအတွက် ကတိပြုထားသည်များနဲ့ အတွေးအမြင်များကို ဖလှယ်သွားနိုင်ဖို့ ရပ်တည်သွားလိမ့်မယ်လို့ အိပ်မက်ရှိခဲ့ပါတယ်။ ကျယ်ပြန့်များပြားလာတဲ့ အခြေခံငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရာမှာ အဆိုပါအမြင်ကို ဒီနေ့ဒီအခါမှာ လိုက်နာသွားရန် အထူးအရေးကြီးပါတယ်။ ကမ္ဘာ့အရေး ကိစ္စများတွင် ကုလသမဂ္ဂအဖွဲ့ရဲ့ ဆက်လက် တည်ရှိနေတဲ့ ဆီလျော်မှုနဲ့ တရားဝင်ရပ်တည်နေမှုတို့ကို မြန်မာနိုင်ငံအနေနဲ့ အခိုင်အမာ ယုံကြည်ပါတယ်။ မိမိတို့ နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံမူများနဲ့အညီ အဖွဲ့ကြီးနဲ့ တက်ကြွစွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၉။ မြန်မာနိုင်ငံရဲ့ အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုများ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂတို့အကြားမှာ ယခင်ကထက် ပိုမို ကောင်းမွန်တဲ့ ဆက်ဆံရေးရှိပါတယ်။ ကုလသမဂ္ဂနဲ့ ၎င်းရဲ့အဖွဲ့အစည်းများဟာ မြန်မာနိုင်ငံအပေါ် ပိုမို စိတ်ဝင်စားမှုများ ပြသလျက်ရှိပါတယ်။ မြန်မာပြည်သူပြည်သားတို့ကို ဘက်ပေါင်းစုံမှ အကူအညီများ ပေးလျက်လည်း ရှိပါတယ်။ အစိုးရအနေနဲ့ မိမိရဲ့ ကဏ္ဍကနေ ၎င်းတို့ရဲ့ လုပ်ငန်းဆောင်တာများ ထိရောက်စွာ အကောင်အထည် ဖော်သွားဖို့ . အတွက် ပံ့ပိုးလျက်ရှိပါတယ်။

၁၀။ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ကာကွယ် စောင့်ရှောက်သွားရေးဟာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ပင်မရည်မှန်းချက်များတွင် ပါဝင်ပါတယ်။ မြန်မာနိုင်ငံဟာ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ အစုလိုက်အပြုံလိုက် သေကြေစေတဲ့ လက်နက်များကို ရှုံ့ချ ဆန့်ကျင်ပြီး နျူကလီးယားလက်နက်များရဲ့ အန္တရာယ်ကိုလည်း ကောင်းစွာသိရှိပါတယ်။ ဒီ့အတွက် မြန်မာနိုင်ငံဟာ ၁၉၉၅ ခုနှစ်မှစတင်ပြီး နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက် အဆိုမူကြမ်းတစ်ရပ်ကို နှစ်စဉ်တင်သွင်းခဲ့ပါတယ်။ ယခုနှစ်အထွေထွေညီလာခံသို့လည်း ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံအားလုံးအနေနဲ့ မိမိတို့ရဲ့ ဆုံးဖြတ်ချက်ကို အပြုသဘောထောက်ခံဖို့ တိုက်တွန်းလိုပါတယ်။ ဆုံးဖြတ်ချက်ပါ လမ်းပြမြေပုံအတိုင်း ပြင်းပြတဲ့ နိုင်ငံရေးဆန္ဒနဲ့သာ လိုက်နာကြမယ်ဆိုပါက နျူကလီးယား လက်နက်ကင်းစင်တဲ့ ကမ္ဘာတစ်ခုဆီသို့ များမကြာမီ ရောက်ရှိသွားမှာဖြစ်ပါတယ်။

၁၁။ နိုင်ငံတကာ ပင်မ လက်နက်ဖျက်သိမ်းရေးစာချုပ်များသို့ အတည်ပြုပါဝင်ရေးအတွက် မြန်မာနိုင်ငံဟာ ပြည်တွင်းပြင်ဆင်မှု များပြုလုပ်နေပြီဖြစ်ကြောင်း ယခုညီလာခံသို့ ပြောကြားလိုပါတယ်။ ဒီလုပ်ငန်းစဉ်မှာ သိသာထင်ရှားတဲ့ ရလဒ်များလည်းရရှိနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်ရေးကို ပြည်ထောင်စုလွှတ်တော်က ယနေ့မှာပဲ အတည်ပြုလိုက်ပြီးဖြစ်ကြောင်း ပြောကြားလိုပါတယ်။

၁၂။ မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ သုံးနှစ်ကာလကတည်းကစပြီး အပြောင်းအလဲတွေ ဖြစ်ပေါ် ပျံ့နှံ့လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အပြုသဘော ပြောင်းလဲမှုတွေရဲ့ နယ်ပယ်နဲ့ အရှိန်အဟုန်တို့ကြောင့် နိုင်ငံတကာ အသိုက်အဝန်းရဲ့ ထင်ရှားတဲ့ အသိအမှတ်ပြုမှုများ၊ အားပေးအားမြှောက်ပြုမှုများကို ရရှိခဲ့ပါတယ်။ ဒီပြောင်းလဲမှုတွေဟာ ဒေသတွင်းနဲ့ နိုင်ငံတကာ မျက်နှာစာ တွေမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်မြှင့်တက်ရေးကို အထောက်အကူပြုပါတယ်။ ဒေသအဆင့်အနေနဲ့ ဘင်္ဂလားပင်လယ်အော် ကဏ္ဍစုံ နည်းပညာနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်-ဘင်းမ်စတက် အဖွဲ့ရဲ့ ဥက္ကဋ္ဌတာဝန်ကို ယခုနှစ် မတ်လအထိ ထမ်းဆောင်ခဲ့ပါတယ်။ အဆိုပါ တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်ပြီးတဲ့နောက် ယခုဆိုလျှင် ဂုဏ်ဒြပ်မြင့်မားပြီး အရေးကြီးတဲ့ အခြား တာဝန်တစ်ရပ်ဖြစ်တဲ့ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်လျက်ရှိပါတယ်။ မိမိတို့ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်မှာ အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်အား အရှိန်အဟုန် မြှင့်တင်ရန် အာဆီယံအနေနဲ့ "ရှေ့သို့တူညီ တက်လှမ်းချီ၊ ငြိမ်းချမ်းဝေစီ အသိုက် အဝန်းဆီ" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကြိုးစားလျက်ရှိပါတယ်။

သဘာပတိကြီးခင်ဗျား။

၁၃။ မြန်မာနိုင်ငံဟာ နိုင်ငံရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ချမှတ်ပြီး လွန်ခဲ့တဲ့ (၃)နှစ်ကျော်ကစတင်ဆောင်ရွက်ခဲ့တဲ့ ငြိမ်းချမ်းသောဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွင် ကောင်းမွန်တဲ့ တိုးတက်မှု များဖြစ်ပေါ်လျက်ရှိပါတယ်။

၁၄။ ပထမအဆင့် ပြုပြင်ပြောင်းလဲမှုဟာ တပ်မတော်အစိုးရမှ လွှတ်တော် (ပါလီမန်) ၌ ဆွေးနွေးမှုများမှတစ်ဆင့် မတူကွဲပြားမှုများကို ကျော်လွှားနိုင်ဖို့ နိုင်ငံရေး အင်အားစုအားလုံး အတူတကွ ပါဝင်လုပ်ဆောင်နိုင်တဲ့ပါတီစုံ ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာပြောင်းလဲခဲ့ခြင်းပဲဖြစ်ပါတယ်။ အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးစနစ် တည်ထောင်ခဲ့ပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဥ်မှတစ်ဆင့် သက်ဆိုင်သူများအားလုံးကို ဒီလုပ်ငန်းစဥ်မှာ ပါဝင်စေခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲမှုရဲ့ ပထမ အဆင့်မှာ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်များပေးအပ်ခြင်း၊ ကျယ်ပြန့်တဲ့ နိုင်ငံရေးနယ်ပယ်များ၊ မီဒီယာလွတ်လပ်ခွင့်နဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နဲ့ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်တို့ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

၁၅။ အဲဒီနောက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်မှုနဲ့ ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲမှုတို့ စုစည်းပါဝင်တဲ့ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ခဲ့ပါတယ်။

၁၆။ ယနေ့ဆိုလျှင် ဒီမိုကရေစီနိုင်ငံအသစ်အတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်တစ်ရပ်ကို ချမှတ်သွားနိုင်ရေးနဲ့ ပြည်သူများရဲ့ အကျိုးစီးပွားအတွက် ၎င်းတို့ရဲ့ လူမှု-စီးပွားရေး လိုလားချက်များဖြည့်ဆည်း သွားနိုင်မယ့် တတိယအဆင့်ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။

၁၇။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အာမခံ ဆောင်ရွက်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုကို လမ်းကြောင်းမှန်အတိုင်း ထိန်းသိမ်းသွားဖို့ မိမိတို့အနေနဲ့ ဆုံးဖြတ်ထားပါတယ်။ မိမိတို့ရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုဟာ နုနယ်သေးတဲ့အတွက် အခြားသော အကူးအပြောင်းကာလမှာရှိတဲ့ နိုင်ငံများနည်းတူ ခက်ခဲနက်နဲတဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါတယ်။ အစိုးရအနေနဲ့ ဆောင်ရွက်ဖွယ်ရာ အများအပြားကို အကောင်အထည်ဖော်ဆောင်ရာမှ ကျွမ်းကျင်သူပိုင်းဆိုင်ရာ အကန့်အသတ်များလည်း ကြုံတွေ့နေရပါတယ်။ ဒီအကန့်အသတ်တွေကို ကျော်လွှားသွားရန်လည်း သံန္နိဌာန်ချမှတ် ထားပါတယ်။ ရည်မှန်းချက်များ အောင်မြင်ပေါက်မြောက် လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ မိမိတို့အနေနဲ့ ဒီမိုကရေစီ အသိုက်အဝန်းတစ်ခုအတွက် ခိုင်မာတဲ့ အခြေခံများချမှတ်နိုင်ဖို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ စွမ်းဆောင်ရည် တည်ဆောက်မှု တို့အတွက် ကြိုးပမ်း အားထုတ်မှုများကို နိုင်ငံ တကာ အသိုက်အဝန်းရဲ့ သဘောပေါက် နားလည်မှုနဲ့ ဆက်လက်ထောက်ခံမှုတို့ လိုအပ်ပါ တယ်။

၁၈။ ပြည်တွင်းနဲ့ နိုင်ငံတကာရဲ့ အာရုံ စူးစိုက်မှုရှိနေတဲ့ ကိစ္စတစ်ရပ်ကတော့ မြန်မာနိုင်ငံရဲ့ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရေး လုပ်ငန်းစဥ်ပဲဖြစ်ပါတယ်။ ဒီ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင် သုံးသပ်ရေး ပူးတွဲကော်မတီကို ပြည်ထောင်စုလွှတ်တော်က ပြီးခဲ့တဲ့နှစ် ဇူလိုင်လက ဖွဲ့စည်း ပေးခဲ့ပါတယ်။ ပြည်သူများနဲ့ နိုင်ငံရေးပါတီများရဲ့ အကြံပြုချက်များနဲ့ တိုက်တွန်းချက်များကို ရယူခဲ့ပါတယ်။ ယင်းအချက်များကို အခြေခံပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးကို ဆောင်ရွက်နိုင်ဖို့ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်မှု အကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။

၁၉။ ဒီမိုကရေစီရဲ့ အနှစ်သာရများကို လက်တွေ့ ကျင့်သုံးတဲ့အနေနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ မျှော်လင့်ချက်များကို အလေးထားပြီး ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးမှု မရှိစေပဲ ဥပဒေဘောင်အတွင်းမှ လွတ်လပ်ပြီး မျှတတဲ့ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်တဲ့ အခြေခံများ ချမှတ်လျက်ရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကုလသမဂ္ဂရဲ့ နိုင်ငံရေးရာဌာန၊ ရွေးကောက်ပွဲ အကူအညီပေးရေး ဌာနခွဲမှ လိုအပ်ချက်များ လေ့လာသုံးသပ်ရေး ကိုယ်စားလှယ်အဖွဲ့ မကြာသေးခင်က မြန်မာ နိုင်ငံသို့ လာရောက်ခြင်းကို လက်ခံခဲ့ပါတယ်။

၂၀။ လက်ရှိ ဖွဲ့စည်းထားပြီးဖြစ်တဲ့ နိုင်ငံရေးပါတီများအနေနဲ့လည်း ရွေးကောက်ပွဲသို့ ပါဝင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောက်ဆုံး အဆုံးအဖြတ်ရလဒ်ကိုတော့ ရွေးကောက်ပွဲနေ့မှာ ပြည်သူများက ဆုံးဖြတ်ပေးသွားမှာဖြစ်ပါတယ်။

၂၁။ နိုင်ငံရဲ့ နိုင်ငံရေးတည်ငြိမ်မှုနဲ့ လူမှုစီးပွားရေး တိုးတက်မှုတို့အတွက် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရှိရန် ကနဦး လိုအပ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး ခိုင်မာလာ စေရေးဟာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ရဲ့ အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အတိုင်း အတာနဲ့ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် တစ်ရပ်ရရှိဖို့ တိုင်းရင်းသားလက်နက်ကိုင်များ အားလုံးနဲ့အတူ စိတ်ရင်း စေတနာမှန်ကန်စွာနဲ့ လုပ်ဆောင်လျက်ရှိပါတယ်။ ယခုဆိုလျှင် တိုင်းရင်းသား လက်နက်ကိုင် (၁၆) ဖွဲ့အနက် (၁၄) ဖွဲ့နဲ့ သဘောတူညီချက်ရရှိပြီးဖြစ်ပါတယ်။ နှစ်(၆၀) ကျော်ကြာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခအဆုံးသတ်ဖို့ နိုင်ငံရေးဆွေးနွေးမှု မူဘောင်မူကြမ်း တစ်ရပ်ပေါ်ထွက်လာရေးကို လုပ်ဆောင် နေကြပါတယ်။ အစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ဖို့ ထားရှိတဲ့ ကတိကဝတ်အပေါ် အလေးအနက် ထားပါတယ်။ နိုင်ငံရဲ့ စည်းလုံးညီညွတ်မှုနဲ့ အချုပ်အခြာအာဏာကို ထိပါးစေမယ့် ကိစ္စရပ်များမှလွဲ၍ အခြားသော ကိစ္စရပ်များအားလုံးကို ဆွေးနွေးဖို့ အသင့်ရှိပါတယ်။ ဒီနိုင်ငံရေး ဆွေးနွေးမှုဟာ အမျိုးသားရေးနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်များအားလုံးကို ဆွေးနွေးမယ့် သမိုင်းဝင် အစည်းအဝေးတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ ပြီးပြည့်စုံပြီး ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးကို ရရှိဖို့ ပိုမိုနီးကပ်လာပြီဖြစ်ကြောင်း ယုံကြည်ပါတယ်။

၂၂။ မိမိတို့နိုင်ငံရဲ့ လူ့အခွင့်အရေး မြှင့်တင်ရေးနဲ့ ကာကွယ်ရေးတို့မှာ ပုံမှန် တိုးတက်မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့်များ အကြိမ်ကြိမ်ပေးခဲ့ပြီး ဖြစ်ပါ တယ်။ ဒီလိုဆောင်ရွက်ခဲ့ခြင်းဖြင့် လူတိုင်းအနေနဲ့ ပါလီမန်၊ နိုင်ငံရေးပါတီများ၊ လူမှုအသိုက်အဝန်း အဖွဲ့အစည်းများနဲ့ အလုပ်သမား အဖွဲ့အစည်းများမှာ ပါဝင်ခွင့်ရဖို့ အခြေအနေကောင်းတစ်ရပ်ကို ဖန်တီး ပေးခြင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေးကော်မရှင်ကို လွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ် ၎င်းရဲ့လုပ်ငန်းများ ဆောင်ရွက် နိုင်ဖို့ မကြာသေးမီကပဲ ပြန်လည်ဖွဲ့စည်းပေးခဲ့ပါတယ်။ မိမိတို့ရဲ့ လူ့အခွင့်အရေးများ ချိုးဖောက်ခံရတဲ့ ကိစ္စများရှိပါက ပြည်သူများ အနေနဲ့ တိုင်ကြားနိုင်ရန် အဆိုပါကော်မရှင်အပါအဝင် တိုင်ကြားရေး ယန္တရားများ ရှိပြီးဖြစ်ပါတယ်။

၂၃။ ယခု ခေတ်သစ်မှာ သတင်းနဲ့ မီဒီယာ လွတ်လပ်ခွင့်များလည်း ရရှိ ကျင့်သုံးနေပြီဖြစ်ပါတယ်။ အားလုံးပါဝင်တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ သတင်းလောကအနေနဲ့ ပိုမိုနေရာ ရလာပြီ ဖြစ်ပါတယ်။ ဆယ်စုနှစ်များစွာ တည်ရှိခဲ့တဲ့ စိစစ်ရေးအား ပယ်ဖျက်ခြင်း၊ ပုဂ္ဂလိကသတင်းစာနဲ့

ဂျာနယ် အများအပြား ထုတ်ဝေခွင့်ပြုခြင်းနဲ့ မီဒီယာဥပဒေသစ်ပြဌာန်းခြင်းတို့ဟာ သတင်းမီဒီယာ နယ်ပယ်မှာ သိသာထင်ရှားတဲ့ အောင်မြင်မှုများပင် ဖြစ်ပါတယ်။

၂၄။ မြန်မာနိုင်ငံဟာ လူကုန်ကူးမှု ပြဿနာများ၊ ကျား-မအကြမ်းဖက်မှုကာကွယ်ခြင်းနဲ့ ကလေးသူငယ်များအား ကာကွယ်ခြင်းတို့ကို သံန္နိဌာန်ခိုင်မာစွာ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၅။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်တဲ့ လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ဗဟို အဖွဲ့ဟာ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ ပြည်တွင်းနဲ့ ပြည်ပ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ နီးကပ်စွာ ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာ ဒုတိယ (၅) နှစ် စီမံကိန်းကို (၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ် အထိ) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလေးနက်ကောင်းမွန်တဲ့ ဆောင်ရွက်ချက်ကို အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများက နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

၂၆။ လိင်အကြမ်းဖက်မှုအား မြန်မာ့ဓလေ့ထုံးစံနဲ့ အမျိုးသားယဉ်ကျေးမှုတို့မှာ ပြစ်မှုတစ်ရပ် အဖြစ် ပြင်းထန်စွာ ဆန့်ကျင်ရှုံ့ချထားပါတယ်။ ဥပဒေ၌လည်း တင်းကြပ်စွာ တားမြစ်ထားပါတယ်။ ယခုနှစ်ဇွန်လတွင် လန်ဒန်မြို့၌ ပြုလုပ်တဲ့ ကမ္ဘာ့ ထိပ်သီးညီလာခံ၌ လက်နက်ကိုင် ပဋိပက္ခများ အတွင်း လိင်အကြမ်းဖက်မှုအဆုံးသတ်ရေး ကတိကဝတ်ပြုမှုကြေညာစာတမ်းအား မြန်မာနိုင်ငံက ပါဝင်ခဲ့ပါတယ်။ အဆိုပါကြေညာစာတမ်းအား အတည်ပြုပါဝင်ခဲ့ခြင်းဟာ အဓမ္မပြုကျင့်မှုနဲ့ လိင် အကြမ်းဖက်မှုကို စစ်ပွဲများ၌ လက်နက်အဖြစ်အသုံးပြုမှုကို လုံးဝလက်မခံတဲ့ မြန်မာနိုင်ငံရဲ့ မူဝါဒကို ထင်ဟပ် စေခြင်းပင်ဖြစ်ပါတယ်။

၂၇။ မြန်မာတပ်မတော်အနေနဲ့ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ရေး လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာမှာ အရေးပါတဲ့ တိုးတက်မှုများရရှိနေပြီဖြစ်ပါတယ်။ မိမိတို့ရဲ့ ခိုင်မာတဲ့ ကတိကဝတ်ကြောင့် မတော်တဆဖြစ်စေ၊ ရည်ရွက်ချက်ဖြင့်ဖြစ်စေ၊ အရွယ် မရောက်သေးတဲ့ ကလေးသူငယ်များအား စစ်မှုထမ်းဖို့ စုဆောင်းခြင်းမျိုး နောက်ထပ် လုံးဝ မရှိတော့ပါ။

၂၈။ မြန်မာနိုင်ငံသစ်တွင် လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ အဓိကစိုးရိမ်မှုများကို ပယ်ဖျောက် နိုင်ရေးအတွက် ကျယ်ပြန့်တဲ့အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးတိုးတက်ရေးနဲ့ ကာကွယ်ရေး ခရီးစဉ်တွင် ခရီးတွင်ကျယ်လျက်ရှိနေပါတယ်။ ဒီတိုးတက်မှုဟာ မြန်မာပြည်သူ ပြည်သားများအတွက် ပိုမိုကောင်းမွန်တဲ့ လူ့အခွင့်အရေးရရှိခံစားဖို့နဲ့ အခြေခံကျတဲ့ လွတ်လပ်ခွင့် ရရှိဖို့တို့အတွက် ပံ့ပိုးပေးလျက်ရှိပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံကို လူ့အခွင့်အရေးကောင်စီနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ တတိယကော်မတီတို့ရဲ့ အစီအစဉ် တွေမှာ ဆက်လက် ထည့်သွင်းထားရန် မသင့်တော့ကြောင်း မိမိတို့အနေနဲ့ အပြည့်အဝ ယုံကြည်ပါ တယ်။

၂၉။ ရခိုင်ပြည်နယ်ရှိ လူ့အသိုက်အဝန်း နှစ်ခုအကြား ပေါ်ပေါက်ခဲ့တဲ့ ပဋိပက္ခများကို ကျော်လွှား နိုင်ဖို့ မိမိတို့ အထူးအာရုံစိုက်လျက်ရှိသလို ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ သုံးသပ်ချက်များ အစောတလျင် မချမီ ရခိုင်ပြည်နယ်ရဲ့ သမိုင်း၊ ကွဲပြားခြားနားမှုနဲ့ နက်နဲရှုပ်ထွေးမှုတွေကို အပြည့်အဝ နားလည်ရန် လိုအပ်ပါတယ်။ ဒီအခြေအနေ အပေါ် သာမန်ကာလျှံကာ မရှုမြင်သင့်ပါ။ နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့လက်တွေ့ကျကျနဲ့ ဓမ္မဓိဌာန်ကျကျဖြင့်သာ ရေရှည်တည်တံ့မယ့် ဖြေရှင်းချက်

တစ်ရပ်ရရှိရေးအတွက် ပါဝင် ကူညီ ဆောင်ရွက်သင့်ပါတယ်။ ဤကိစ္စရဲ့ အရင်းခံအကြောင်းကို ဖြေရှင်းနိုင်ဖို့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သဟဇာတဖြစ်ရေးနဲ့ ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းစီမံချက်တစ်ရပ်ကို ရေးဆွဲ အချော သတ်လျက်ရှိပြီး မကြာမီ အကောင်အထည်ဖော်ဖို့ရှိပါတယ်။ ဒီလုပ်ငန်းစီမံချက်ကို အကောင်အထည် ဖော်ရာမှာ စနစ်တကျနဲ့ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၃၀။ အခွင့်အခါကြုံခိုက် ရခိုင်ပြည်နယ်ရှိ ထိခိုက်ခံရသူများရဲ့ လတ်တလော လိုအပ်ချက်များ အတွက် မိမိတို့ရဲ့ကြိုးပမ်းမှုများမှာ နိုင်ငံတကာ မိတ်ဘက်များက ကူညီပေးမှုများအား ကျေးဇူးတင် ကြောင်း ပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်ရဲ့ အခြေခံအကျဆုံး စိန်ခေါ်မှုဟာ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်တဲ့အတွက် ဒီကိစ္စမှာလည်း နိုင်ငံတကာ အသိုက်အဝန်းက အကူအညီများပေးဖို့ ဖိတ်ခေါ်အပ် ပါတယ်။

၃၁။ မြန်မာအစိုးရအနေနဲ့ မြို့ပြနဲ့ကျေးရွာနေပြည်သူများရဲ့ လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ဖို့ အလို့ငှာ ဆင်းရဲမှု လျှော့ချရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အာရုံစိုက် လုပ်ဆောင် ခဲ့ပါတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့ စီးပွားရေးမှ စက်မှုလုပ်ငန်းကို အခြေခံတဲ့ စီးပွားရေးသို့ ရောက်ရှိဖို့အတွက် ပြုပြင်ပြောင်းလဲမှုတွေကို ကြိုးပမ်းဆောင်ရွက် လျက်ရှိပါတယ်။ ဒီလုပ်ဆောင် ချက်တွေ အကောင်အထည် ပေါ်လာတာနဲ့အမျှ ပုံမှန် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကိုလည်း ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ (၃)နှစ်အတွင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုဟာ ၅.၆ ရာခိုင်နှုန်း၊ ၇.၃ ရာခိုင်နှုန်းနဲ့ ၈.၇ ရာခိုင်နှုန်း အသီးသီး ရရှိခဲ့ပါတယ်။

၃၂။ ဒီလိုစီးပွားရေးတိုးတက်မှုနဲ့ ပြုပြင်ပြောင်းလဲမှု ကဏ္ဍမှာ တိုးတက်မှုတွေကို အားတက်ဖွယ် ရရှိလာခဲ့တဲ့အတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကိုလည်းချမှတ် နိုင်ခဲ့ပါတယ်။ မြန်မာ နိုင်ငံ အနေနဲ့ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံစာရင်းမှာ လွတ်မြောက်ရန် အခိုင်အမာ သံန္နိဋ္ဌာန်ချမှတ် ထားပြီးဖြစ်ကြောင်းနဲ့ လိုအပ်တဲ့ ပြည်တွင်းလုပ်ငန်းစဉ်များကိုစတင် လုပ်ဆောင်နေပြီဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

၃၃။ ဒီကိစ္စနဲ့ပတ်သက်လို့ နိုင်ငံတော် သမ္မတဦးသိန်းစိန်မှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ဖို့ ရည်ရွယ်ချက်နဲ့ ဆုံးဖြတ်ချက်တို့ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ ဆက်သွယ် အကြောင်းကြားပြီးဖြစ်ပါတယ်။ အဆင့်မြင့် အမျိုးသားကော်မတီနဲ့ ဆပ်ကော်မတီများဟာ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရေးဆိုင်ရာ အသွင်ကူးပြောင်းမှု မဟာဗျူဟာ အပါအဝင် ပြည်တွင်းဆောင်ရွက်ဖွယ်ရာများကို တက်ကြွစွာ ညှိနှိုင်းဆောင်ရွက် လျက်ရှိ ပါတယ်။ ယခုဆိုလျှင် နည်းပညာနဲ့ အကူအညီရရှိရေးအတွက် သက်ဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်းများနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား။**

၃၄။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီသို့ ကျယ်ပြန့်စွာ အသွင်ကူးပြောင်းရေးကို စတင်လုပ်ဆောင်ခဲ့တာ မှ လွန်ခဲ့တဲ့ (၃) ခွဲအတွင်း သိသာထင်ရှားတဲ့ တိုးတက်မှုများ ရရှိနေပြီဖြစ်ပါတယ်။ ယနေ့ဆိုလျှင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာ အသွင်ပြောင်းလဲမှုရဲ့ အောင်မြင်မှုကို စံနမူနာအနေနဲ့ ကမ္ဘာက ချီးကျူးလျက်ရှိကြပါတယ်။ ဒီလိုအောင်မြင်မှုတွေရရှိနေသော်လည်း မိမိတို့ရဲ့ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ စိန်ခေါ်မှုတွေ၊ အဟန့်အတားတွေ အများအပြား ရှိနေဆဲဖြစ်ပါ

တယ်။ ဒီတုန်လှုပ်ဖွယ် စိန်ခေါ်မှုတွေကို ကောင်းစွာ သိရှိပါတယ်။ အားရကျေနပ်နေမှာ မဟုတ်ပါ။ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးနဲ့ ပြုပြင်ပြောင်းလဲရေးတို့အတွက် မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားဖို့ ပြတ်ပြတ်သားသားနဲ့ အခိုင်အမာ ဆုံးဖြတ်ထားပါတယ်။

၃၅။ မြန်မာနိုင်ငံဟာ ပြောင်းလဲနေပြီး ဒီပြောင်းလဲမှုများဟာလည်း မှန်ကန်တဲ့ဘက်သို့ ဦးတည်နေပါတယ်။ သဟဇာတဖြစ်ပြီး ငြိမ်းချမ်း ကြွယ်ဝစွာ နေထိုင်သွားနိုင်မယ့် ဒီမိုကရေစီနိုင်ငံတစ်ရပ် ဖြစ်ပေါ် လာရေးအတွက် ခိုင်မာတဲ့အခြေခံများကို ချမှတ်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျှတစွာနဲ့ ဓမ္မဓိဋ္ဌာန်ကျစွာ ရှုမြင်ဖို့လိုအပ်ပါတယ်။ ကာလရှည်ကြာစွာ မျှော်မှန်းခဲ့တဲ့ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးတို့ အကောင်အထည် ဖော်နိုင်ရန်မှာမြန်မာပြည်သူများရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ နိုင်ငံတကာအသိုက်အဝန်းရဲ့ ဆက်လက် အကူအညီပေးမှုနဲ့ နားလည်မှုတို့ဟာ မြန်မာနိုင်ငံရဲ့ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အပြု သဘော အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ “ရောမမြို့ကို တစ်ရက်တည်းနဲ့ တည်ဆောက်ခဲ့ ခြင်း မဟုတ်ပါ” ။

၃၆။ ကျေးဇူးတင်ပါတယ်။

***********